မင်္ဂလာပါရှင် . . . ဒီတစ်ပတ် ဘ၀အတွက် အလင်းရောင်ခြည် ကဏ္ဍလေးမှာ အလင်းပေးမယ့် ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ရဲ့ သတင်းစကားလေးကတော့ 'မိဘများသည် သားသမီးများအတွက် ပညာပေးသူများဖြစ်ကြသည်' ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ တင်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီသတင်းစကားလေးကို ဆလေးရှင်းအသင်းဂိုဏ်းမှ ကိုရင်ပါစကားသီကိုရှင်းကနေ ပုပ်ဖရန်စစ်ရဲ့ မင်္ဂလာသတင်းစကားကို အခြေခံပြီး သူ့ရဲ့အတွေးအမြင်တချို့ရယ်၊ ကဗျာတချို့ရယ် ပေါင်းစပ် ရေးသား ပေးပို့ခဲ့တာပဲ ဖြစ်ပါတယ်။

သောတရှင်များရှင် . . . မြန်မာမှာ ဆို ရိုးစကားတစ်ခုရှိပါတယ်။ 'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ' လို့ ရှေးသုံးစကား ရှိထားခဲ့တာ အားလုံးလည်း သိကြမှာပါ။ မိဘတွေဟာ သားသမီးတွေအတွက် မမွေးဖွားခင်သန္ဓေတည်စ ကတည်းက လက်ဦးဆရာတွေပဲ ဖြစ်ပါတယ်။သားသမီးတွေအပေါ် မိဘတွေရဲ့ ပညာပေးခြင်းဆိုတာဟာ အင်မတန် အနုပညာဆန်ပြီး အရေးပါလှတဲ့ အခန်းကဏ္ဍ တစ်ခုဖြစ်ပါတယ်လို့ ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့မှာ ပုပ်ဖရန်စစ်က မိသားစုနှင့်ပတ်သက်ပြီး ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ ယခုလို ပြောကြားသွားခဲ့တာပါ။

'ချစ်လှစွာသော ညီအကိုမောင်နှမအပေါင်းတို့ သင်တို့အားလုံးကို ကျွန်ုပ် လှိုက်လှဲအားရစွာ ကြိုဆိုပါတယ်။ သင်တို့တွေထဲမှာ အများစုက မိသားစုဘ၀တွေကို လမ်းညွှန်တည့်မတ်ပေးနေတဲ့ မိဘတွေဖြစ်တယ်ဆိုတာ ကျွန်ုပ်တွေ့ရပါတယ်။ ဆက်လက်ပြီး မိသားစုရဲ့ အရေးပါအရာရောက်တဲ့အချက်တွေကို စဉ်းစားထောက်ရှုကြည့်ရအောင်ပါ။ မိသားစုဘ၀ဆိုတာ သားသမီးတွေကို တာဝန်ယူ ပညာပေးဖို့အတွက် ဘုရားကပေးတဲ့ သဘာဝတရားရဲ့ လက်ဆောင်တစ်ခုပါပဲ။ ကလေးတွေကို သူတို့ကို သူတို့အတွက် တာဝန်ယူတတ်အောင်၊ ပတ်ဝန်းကျင်လူ့ဘောင်အဖွဲ့အစည်းအတွက် တာဝန်သိတတ်အောင် မိဘတွေကပဲ ထိန်းကျောင်းပေးရမှာပါ။

'တမန်တော်ကြီး သံပေါလူးက ကော်လောဆေဩဝါဒစာ အခန်းကြီး ၃း အငယ် ၂၀ မှာ ခရစ်ယာန်အိမ်ထောင်စုများနဲ့ ပတ်သက်ပြီး သွန်သင်ထားတာ တစ်ခုက ၊ 'ချစ်သားသမီးတို့  အရာရာ၌ သင်တို့ မိဘများ၏စကားကို နားထောင်ကြလော့။ အကြောင်းမူကား ထိုသို့ပြုလုပ်ခြင်းကို သခင်ဘုရားနှစ်သက်တော်မူ၏။ ဖခင်များတို့ ၊ သင်တို့၏ သားသမီးများကို စိတ်မသာမယာ မဖြစ်စေကြနှင့်။ ကျွသို့ ပြုလျှင် သူတို့သည် စိတ်ပျက်အားငယ်ကြလိမ့်မည်။' ဒီသွန်သင်ချက်လေးဟာ ပညာအမြော်အမြင်နဲ့ ပြည့်ဝလှပါတယ်။ ကလေးတွေကို မိဘတွေရဲ့စကားကို နားထောင် လိုက်နာစေဖို့ ဆုံးမပေးရမှာ ဖြစ်သလို မိဘတွေကလည်း လျော်ကန်သင့်မြတ်တဲ့ လမ်းကြောင်းတစ်ခုအပေါ် ပို့ဆောင် လမ်းပြပေးဖို့ လိုပါတယ်။ ကလေးတွေကို စိတ်ဓါတ်ကျ လက်မှိုင်ချကာ မျှော်လင့်ချက်အရောင်တွေမှဲ့သွားအောင် မပြုလုပ်ကြဖို့ သတိပြုစေချင်ပါတယ်။ ကလေးလေးတွေဟာ မျှော်လင့်ချက်ပြည့်ဝခိုင်မာတဲ့ ခြေလှမ်းတွေနဲ့ တစ်လှမ်းချင်း လှမ်းတက်ရှင်သန်ကြီးထွားလာကြရမှာပါ။ သင်ဟာ ကလေးတစ်ယောက်ကို လှေကားတစ်ခုအပေါ်တက်စေချင်တယ် ဆိုပါစို့။ ကလေးကို 'သားရေ . . အမေ့လက်ကို ကိုင်ပြီး ဒီလှေကားကို တစ်လှမ်းချင်း ဖြေးဖြေးတက်ကြည့်စမ်းပါ။ သားရဲ့ဘေးမှာ အမေရှိတယ်။ လာပါ . . အတူတူတက်ရအောင်' လို့ပြောရင် အဲ့ဒီကလေးက ယုံကြည်စိတ်ချမှုနဲ့ ရဲဝံ့စွာ တက်လှမ်းနိုင်စွမ်းတွေ ရှိလာပါတယ်။ အဲ့လိုမဟုတ်ဘဲ 'ကိုယ့်ဟာကို ရအောင်တက်၊  ရအောင်လျှောက်၊ ငါတော့ မလိုက်နိုင်ဘူး၊ သွားလေ' လို့ ပြောလိုက်ရင်တော့ ဘာမှ လုပ်နိုင်စွမ်းမရှိသေးတဲ့ ကလေးတစ်ယောက်ရဲ့ ဖြစ်နိုင်စွမ်းတွေ ကိုပါ ရိုက်သတ်လိုက်သလိုဖြစ်သွားပါတယ်။ ကလေးရဲ့ ယုံကြည်မှုအညွှန့်လေးတွေကို ချိုးပစ်လိုက်တာနဲ့ အတူတူပါပဲ။ ကလေးတစ်ယောက်ရဲ့ မိဘအပေါ် နားထောင်နာခံမှုကိုလည်း လျော့ကျသွားစေပါတယ်။ ဒီလိုသာဆို မိဘနှင့် သားသမီးကြားမှာလည်း အပြန်အလှန် လက်တွဲ ညှိယူရှင်သန်နိုင်ဖို့ ခဲယဉ်းသွားနိုင်ပါတယ်။ ကလေးတွေရဲ့ မိမိကိုယ်ကို တာဝန်ယူတတ်ဖို့နဲ့ လူ့ဘောင်ပတ်ဝန်းကျင်အဖွဲ့အစည်းအတွက် တာဝန်သိတတ်ဖို့အတွက်ဆိုတာဟာ မိဘတွေရဲ့ ပဲ့ပြင်ထိန်းကျောင်းမှုပေါ်မှာ မူတည်နေပါတယ်။

အိမ်ရှိလူစုံ အလုပ်လုပ်တာတောင် ဝမ်း၀ ခါးလုဖို့အတွက် မနဲရုန်းကန်နေရတဲ့ ခေတ်ကြီးမှာ သားသမီးအတွက် အချိန်ပေးဖို့ဆိုတာ မိဘတွေအတွက် ခက်ခဲလာပါတယ်။ မိဘက မိုးလင်းမိုးချုပ်အလုပ်လုပ်ပြီး ညနေမှ ပြန်လာသော်လည်း သားသမီးက ကျောင်းပြီး ကျူရှင်၊ ကျူရှင်ပြီး ကျောင်းနဲ့ စာပြီးရင်းစာ လုပ်နေရတဲ့

သံပတ်ရုပ်ကလေးတွေ ဖြစ်နေပြန်တော့ မိဘနှင့်သားသမီးတွေ့ဆုံချိန်ဟာ နည်းသထက် နည်းလာပါတယ်။ မိဘဖြစ်တဲ့ အဖေနှင့်အမေ တကွဲတပြား နေနေရတဲ့ သားသမီးတွေအတွက်ဆို ပိုလို့တောင် အခွင့်အရေးက နည်းနေပါတော့တယ်။ မိဘတွေက ကွဲနေရုံတင်မကသေးဘူး။ အဖေက အမေ့ကို အနိုင်ကျင့်ရက်စက်၊ အမေက အဖေ့ကို အပြစ်တင် အကောင်းမပြော၊ ကြာလာတော့ ဒီမိဘတွေရဲ့သား သမီးတွေက ရန်လိုစိတ်တွေပါ ဝင်လာပါတယ်။ အကောင်းမမြင်စိတ်တွေ၊ အားငယ်စိတ်တွေပါ မသိမသာနဲ့ ကလေးတွေရဲ့ စိတ်ထဲမှာ နေရာယူလာပါတယ်။ ချစ်လို့ကြိုက်လို့ ဘုရားရှေ့မှာ လက်ထပ်ယူခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် အဆင် မပြေဖြစ်လို့ လက်တွဲဖြုတ်ကြတယ်ဆိုပေမဲ့လည်း မြေစာပင်ဖြစ်ခဲ့နေရတဲ့ သားသမီးတွေရဲ့ ရှေးရေးကိုလည်း မိဘတွေ အနေနဲ့ ထည့်တွက်ငဲ့ညှာ ပေးရမှာဖြစ်ပါတယ်။'

သောတရှင်များရှင် . . 'မိကောင်းဖခင်' ဆိုတဲ့မြန်မာစကားတစ်ခွန်းကိုလည်း ကြားဖူးကြမယ်လို့ထင်ပါတယ်။ မိကောင်းဖခင် ဆိုတဲ့စကားလုံးကို ခွဲခြမ်းစိတ်ဖြာကြည့်လိုက်မယ်ဆိုရင် အမိကောင်းမှ အဖကို ခင်တွယ်တယ်ဆိုတဲ့ အဓိပါယ်သက်ရောက် ပါတယ်။ 'မိသားစု' လို့ပြောလိုက်ရင်လည်း မိဘရယ် သားသမီးရယ် စုထားလို့ မိသားစုလို့ နားလည်မှတ်ယူနိုင်ပါတယ်။ ထပ်ပြီး 'မိဘ'ဆိုတာကိုလည်း ကြည့်လိုက်ရင် အမိရယ် အဖရယ် ပေါင်းစပ်ထားလို့ မိဘလို့ ခေါ်တယ်ဆိုတာ အားလုံး သိကြမှာပါ။ **မိကောင်းဖခင်၊ မိသားစု၊ မိဘ**ဆိုတဲ့ စကားလုံးတိုင်းမှာ မိဆိုတဲ့ စကာလုံးက အရင်လာပါတယ်။ မိခင်ဖြစ်တဲ့ အမေတစ်ယောက်ရဲ့ အရေးပါအရာရောက်မှုကို ခန့်မှန်းကြည့်လို့ရပါတယ်။ မိခင်က ဖခင်ကို အကောင်းမပြော၊ အထင်သေးကာ အပြစ်တင်ရှုပ်ချနေရင် သားသမီးတွေက ဖခင်ကို မလေးစားရုံတင်မကဘဲ မိခင်ကိုပါ အထင်သေးသွား တတ်ပါတယ်။ ထို့နည်းတူပဲ ဖခင်ကလည်း မိခင်ဖြစ်တဲ့ အမေ့ကို ကြင်နာမြတ်နိုးမှု၊ ချစ်ခင်တန်ဖိုးထားမှုတွေနဲ့ အပြန်လှန် လက်တွဲ သွားကြရမှာပဲဖြစ်ပါတယ်။

တကယ်တော့ မိဘနဲ့သားသမီးကြား၊ မိသားစုနဲ့ လူ့အဖွဲ့စည်းကြား၊ မိသားစုနဲ့ စာသင်ကျောင်းက ဆရာတွေကြားမှာ အလွှာပါးပါး ကြားခံနေလို့ ဒီလိုအခက်ခဲတွေလည်း ဖြစ်ကုန်ကြတာပါ။ အဲ့ဒီအလွှာလေးက ဘာလဲဆိုရင် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ယုံကြည်နားလည်မှု မရှိခြင်းပါပဲ။ နားလည်ယုံကြည် ပေးခြင်းမရှိတဲ့ လွန်ဆွဲပွဲတစ်ခုမှာ အနင်းခံ လိုက်ရတာဟာ တခြားမဟုတ်ပါဘူး ။ မိမိတို့ရဲ့ အသွေးအသား၊ ကလေးများပဲ ဖြစ်နေပါတယ်။

ဒီတော့ ကလေးတွေကို ဘယ်လိုများ ပညာပေးကြမလဲဆိုတာက စဉ်းစားစရာမေးခွန်းတစ်ခုပါ။ မိဘတွေက လွယ်လွယ်နဲ့ ပြီးရောဆိုပြီး ကိုယ့်သားသမီးကို ဘော်ဒါပို့အဆောင်ထားလိုက်ရုံနဲ့ ပညာပေးခြင်းက ပြီးမသွားသေးပါဘူး။ ပညာပေးခြင်းဆိုတာ ကျောင်းပညာတစ်ခုထဲ မဟုတ်ပါဘူး။ ဦးနှောက်တစ်ခုတည်းကို ပုံသွင်းပေးလို့မရပါဘူး။ ဘက်စုံ ပုံးသွင်းပေးရမှာပါ။ အထူးသဖြင့် ကလေးတွေရဲ့ နှလုံးသားအထာကို သိဖို့လိုပါတယ်။ အမှန်တော့ ကလေးတွေဟာ ဖယောင်းသားလေးတွေလိုပဲ နူးညံ့ပျောင်းပျောင်းလှပါတယ်။ ချစ်ခြင်းမေတ္တာဆိုတဲ့ အပူဓါတ်ကိုပေးပြီး လိုရာ ပုံသွင်းယူနိုင် ပါတယ်။ ဉာဏ်ရည်ပိုင်းဆိုင်ရာ၊ နှလုံးသားပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ စတဲ့နယ်ပယ်အသီးသီးမှာ ကိုယ်ရည်ကိုယ် သွေးမြင့်မားပြီး ရင့်ကျက်ကြီးထွားလာနိုင်ဖို့ ဘက်ပေါင်းစုံ မျှတအောင် ပညာပေး ပုံသွင်းရမှာပါ။ ကလေးတစ်ယောက်ရဲ့ အတွင်းသန္တေ မှာဖြစ်တည်နေတဲ့ ဖြစ်နိုင်စွမ်းတွေကို မြင်အောင်ကြည့်ပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့ လူသားတစ်ဦးဖြစ်လာအောင် ဆွဲထုတ်ပုံသွင်းပေးခြင်းသာ စစ်မှန်တဲ့ ပညာပေးခြင်းပဲဖြစ်ပါတယ်။

ဒီလိုပညာပေးပုံသွင်းဆောက်တည်ဖို့ရာအတွက် မိဘတွေရဲ့ အခန်းက အရေးကြီးလှပါတယ်။ ကိုယ့်သားသမီး တွေရဲ့ ခြေလှမ်းတွေကို တည့်မတ်ပေးမယ့်မိဘက သားသမီးနဲ့ အဝေးဆုံးမှာ ရောက်နေရင်၊ သားသမီးနဲ့ ဆွေးနွေးပြောဆို နိုင်ခြင်းမရှိရင် ဘယ်လို ပညာပေးလို့ ရနိုင်ပါတော့မလဲ။ အပေါ်ယံ အလာပ သလာပ ပြောဆိုခြင်းနဲ့တော့ မထိရောက်နိုင် ပါဘူး။ နွေးထွေးယုံကြည်မှုရှိတဲ့၊ နားလည်မြင့်တင်ပေးချင်တဲ့၊ ဆွေးနွေးပြောဆိုခြင်း (dialogue) ကသာလျှင် သားသမီးနဲ့ မိဘဆက်ဆံရေးကို ပြေလည်ချောမွေ့စေမှာပါ။ ဒီလိုအဆင့်ကို ရောက်ဖို့အတွက်ဆိုတာကလည်း အောက်ခြေအုတ်မြစ်မှာ ချစ်ခြင်းမေတ္တာ ကို အခြေပြုထားရပါတယ်။ ချစ်ခြင်းမေတ္တာ အပေါ်အခြေခံပြီး ကလေးတွေရဲ့ဘဝတွေကို လှပရှင်သန်လာ အောင် တည်ဆောက်ပေးကြပါ။ ဘဝဆိုတာ

ဓါတ်ခွဲခန်းတစ်ခုမှာ ရှင်သန်ရတဲ့အရာမဟုတ်ဘူးဆိုတာကို သတိပြုကြပါ။ ပြီးတော့ ယေရှုသခင်ကိုယ်တော်တိုင်လည်း မိသားစုအသိုက်အမြုံမှာ ကြီးပြင်းရှင်သန်ခဲ့တယ်ဆိုတာကိုလည်းအမှတ် ရကြပါ။ကောင်းတဲ့ မိသားစုက ကြီးပြင်းလာတဲ့ သူဟာ လူသားထုအဖွဲ့အစည်းအတွက်လည်း ကောင်းကျိုးများစွာ ဆောင်ကျဉ်ပေးနိုင်ပါတယ်။ ကုန်ကုန်ပြောရရင် လူသားထုတစ်ရပ်လုံး လှပစွာရပ်တည်နိုင်ဖို့အတွက် ကောင်းတဲ့ မိသားစုဆိုဟာ မရှိမဖြစ် ကျောထောက်နောက်ခံတစ်ခုပါပဲ။

သောတရှင်များရှင် . . ပုပ်ဖရန်စစ်အရှင်သူမြတ်က မိသားစုအရေးနဲ့ ပတ်သက်ပြီး သတင်းစကား ပြောကြား ပေးရင်း ဘုရားပေးတဲ့ ပညာပေးခြင်းတာဝန်ကို ထမ်းဆောင်နေရတဲ့ မိဘတွေအတွက်၊ မိသားစုဝင်သားသမီးအယောက်စီ တိုင်းအတွက်လည်း ကောင်းကြီးမင်္ဂလာပေးဝေသွားခဲ့ပါတယ်ရှင် . . .။

မိဘတွေရဲ့ ပညာပေးပုံသွင်းဆောက်တည်ခြင်းဟာ တခါတလေကျတော့လည်း မိဘတွေကိုယ်တိုင် သတိမမူမိဘဲ နဲ့ သားသမီးတွေကို ပညာပေးသွားတာတွေလည်း ရှိနေတယ်ဆိုတဲ့အကြောင်းကို ပါစကားသီကိုရှင်းရဲ့ 'သားကြည့်နေပါတယ်' ဆိုတဲ့ ကဗျာလေးကိုလည်း ဆက်လက်တင်ဆက်ပေးလိုက်မယ်နော် . . .

'သားကြည့်မနေပါဘူး အထင်နဲ့၊ ရေခဲသေတာပေါ်မှာ သားရဲ့ ပထမဆုံး ပန်းချီတစ်ချပ်၊ အမြတ်တနိုးနဲ့ ဖေဖေတင်ထားတာ မြင်ရတော့၊ သားလေ . . . ချက်ချင်းကို နောက်တစ်ချပ် ပြေးဆွဲချင်မိတယ် '

'သားကြည့်မနေပါဘူး အထင်နဲ့၊ လမ်းပေါ်က လေးလွင့်ကြောင်ကလေးကို၊ တယုတယနဲ့ မေမေအစာကျွေးနေတာ မြင်ရတော့၊ တိရိစာန်လေးတွေကို ကြင်နာရမယ်ဆိုတဲ့အသိ၊ သားရင်မှာ ထိရှသွားတာပေါ့ '

'သားကြည့်မနေပါဘူး အထင်နဲ့၊ သားတို့ မိသားစုအိမ်ကလေးကို အရိပ်တကြည့်ကြည့်နဲ့ ဖေဖေ ကရုစိုက်တာ မြင်ရတော့၊ အရာရာကို တန်ဖိုးထားရမယ်ဆိုတာ သား တွေးမိပြန်ရော'

'သားကြည့်မနေပါဘူး အထင်နဲ့၊ နေမကောင်းတဲ့ မိတ်ဆွေတစ်ယောက်ကို၊ ကြင်ကြင်နာနာနဲ့ မေမေ ပြုစုပေးနေ တာမြင်ရတော့၊ တစ်ယောက်ကိုတစ်ယောက် ကူညီရမှာပါလားဆိုတာ သား သတိပြုမိတာပေါ့'

'သားကြည့်မနေပါဘူး အထင်နဲ့၊ ဖေဖေ့မျက်ဝန်းမှ မျက်ရည်စတွေ မြင်ရတော့၊ သြော် . . တခါတလေ ဘဝဆိုတာ နာကျင်ရတယ်၊ ငိုကြွေးတဲ့အချိန်လည်း ရှိပါလားဆိုတာ သား အံ့သြခဲ့ရတယ်'

'သားကြည့်မနေပါဘူးလို့ အထင်နဲ့ မေမေက အရာရာကို တန်ဖိုးထားတတ်ကို မြင်လိုက်ရတော့၊ သားလေ . . ဖြစ်နိုင်ရင် မေမေ့နားက အရာအားလုံး ဖြစ်ချင်နေမိပြန်ရော '

' သားကြည့်မနေပါဘူးလို့ ဖေဖေနှင့်မေမေ ထင်နေပေမဲ့ သားကတော့ ကြီးပြင်းတဲ့အခါ လူတော်လူကောင်းဖြစ်ဖို့ လိုအပ်တဲ့ဘဝသင်ခန်းစာတွေကို သင့်ယူနေခဲ့တာပါ၊ တကယ်တော့ သား ဖေဖေနှင့် မေမေကို အမြဲကြည့်နေခဲ့ပါတယ်။ သားကြည့်မနေပါဘူး အထင်နဲ့ ပြုခဲ့တဲ့အရာရာတိုင်းအတွက်၊ ဖေဖေနဲ့ မေမေ့ကို ကျေးဇူး . . ကျေးဇူး ပါလို့ '

သောတရှင်များရှင် . .ယခုအပတ် တင်ဆက်ပေးသွားတဲ့ 'မိဘများသည် သားသမီးများအတွက် ပညာပေး သူများဖြစ်ကြသည်' ဆိုတဲ့ ပုပ်ဖရန်စစ်အရှင်သူမြတ်ရဲ့ မင်္ဂလာသတင်းစကားထဲ ကနေ ခွန်အားတွေရယူနိုင်ပြီး၊ လူသားထုတစ်ရပ်လုံးအတွက် အခရာကျတဲ့ မိသားစုတွေလည်းပဲ ဘုရားရှင်ရဲ့ ကောင်းကြီး မင်္ဂလာခံစားရပြီး သားသမီးတွေအတွက် ပညာပေးအလင်းပြနိုင်သော မိဘတွေဖြစ်ကြပါစေလို့ ကျွန်မ စစ်စတာရ် လူစီယား သန္တာအောင်မှ ဆုမွန်ကောင်း ထပ်မံပြုလိုက်ရပါတယ်ရှင်။